**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/၂၁၈၂

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးဥပဒေ နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများပါ "အသုံးပြုသူကို အကာအကွယ်ပေးခြင်း" နှင့်စပ်လျဉ်း၍ လိုင်စင်ရရှိသူများ ဆောင်ရွက်ထားရှိရမည့် ကိစ္စရပ်များ ဆောင်ရွက်ထားရှိရန်**

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးဥပဒေအခန်း(၉) နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၃၂ တို့အရ "အသုံးပြုသူကို အကာအကွယ်ပေးခြင်း" နှင့် စပ်လျဉ်း၍ လိုင်စင်ရရှိသူများသည် အောက်ဖော်ပြပါကိစ္စရပ်များကို ဆောင်ရွက်ထားရှိရမည် ဖြစ်ပါသည်-

(က) အမှန်တစ်ကယ်အသုံးပြုသူများနှင့် ချုပ်ဆိုနိုင်ရန်စာချုပ်ပုံစံ သတ်မှတ်ထားရှိရမည်။

(ခ) အမှန်တစ်ကယ်အသုံးပြုသူများအား မှန်ကန်သည့် အသေးစိတ်ငွေတောင်းခံလွှာများ ပေးပို့ရမည်။

(ဂ) အမှန်တစ်ကယ်အသုံးပြုသူများအား မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်ကို သတ်မှတ်ပေးရမည်။

(ဃ) ဝန်ဆောင်ခနှုန်းထားများနှင့် ဝန်ဆောင်မှုအရည်အသွေးတို့ပါဝင်သော ဝန်ဆောင်မှုအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ထုတ်ပြန်ထားရမည်။

(င) အမှန်တစ်ကယ် အသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ နှင့် သတင်းအချက်အလက် လုံခြုံရေးတို့ကို ကာကွယ်ပေးမည့် အစီအစဉ်များအား စာဖြင့်ရေးသားဖော်ပြထားရမည်။

၂။ သို့ဖြစ်ပါ၍ လိုင်စင်ရရှိသူများအနေဖြင့် အပိုဒ်(၁)ပါ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေအား (၁၉-၄-၂၀၁၈) ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားပေးနိုင်ပါရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

( စိုးနိုင်၊ ညွှန်ကြားရေးမှူး)

**ဖြန့်ဝေခြင်း**

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများ

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ရုံးလက်ခံ

မျှောစာတွဲ